# အမှာစာ

ဤစာစဉ်သည် ရေနံနှင့်ရေနံထွက်ပစ္စည်းသယ်ယူပို့ဆောင်ခြင်းကြီးကြပ်လက်မှတ် စိစစ်ခွင့်ပြုထုတ်ပေးခြင်းလုပ်ငန်း၌ အရေးပါသည့်သတ်မှတ်ချက်များ၊ စစ်ဆေးချက်(Check Lists) များ၊ QR Code Application ထည့်သွင်းခြင်းဆိုင်ရာလုပ်ငန်းစဉ်များ၊ ပုံစံများ၊ ရေနံနှင့် ရေနံထွက်ပစ္စည်းသယ်ယူပို့ဆောင်ခြင်းလုပ်ငန်းလုပ်ကိုင်သူများ လိုက်နာရမည့်စည်းကမ်းချက်များ စသည်တို့ကို ဝန်ထမ်းများ အလွယ်တကူသိရှိဆောင်ရွက်နိုင်ရန်ရည်ရွယ်၍ ရေးသား ထုတ်ဝေခြင်းဖြစ်ပါသည်။

ဝန်ကြီးဌာနမှ အခါအားလျော်စွာထုတ်ပြန်သော အမိန့်၊ စည်းကမ်းသတ်မှတ်ချက်များ ပြင်ဆင်ပြောင်းလဲမှုအပေါ် မူတည်၍ သက်ဆိုင်ရာစာစဉ်အမှတ်စဉ်များအလိုက် ထပ်မံ ပြင်ဆင်ထုတ်ဝေသွားမည်ဖြစ်ပါသည်။

## နိဒါန်း

၁။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာန သည် နိုင်ငံအတွင်း ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာလုပ်ငန်းများနှင့်ပတ်သက်၍ ပုဂ္ဂလိက အနေဖြင့် ခေတ်မီကောင်းမွန်စိတ်ချရသော လုံခြုံရေး၊ မီးဘေးကာကွယ်ရေးစနစ်များဖြင့် နိုင်ငံတကာအဆင့်မီ စက်သုံးဆီ သိုလှောင် ဖြန့်ဖြူး ရောင်းချခြင်းလုပ်ငန်း အဖြစ် လုပ်ကိုင်နိုင်စေရန် လိုင်စင်များ စိစစ်ခွင့်ပြုထုတ်ပေးလျက်ရှိရာ စနစ်တကျဆောင်ရွက် နိုင်ရန်အတွက် လိုက်နာရမည့်စည်းကမ်းသတ်မှတ်ချက်များ၊ ဘေးကင်းလုံခြုံမှုနှင့် မီးဘေး လုံခြုံမှုအစီအမံသတ်မှတ်ခြင်းများ ဆောင်ရွက်လျက်ရှိပါသည်။ ရေနံထွက်ပစ္စည်းကြီးကြပ် စစ်ဆေးရေးဦးစီးဌာနအနေဖြင့် ရေနံထွက်ပစ္စည်းလုပ်ငန်းလိုင်စင်များအပြင် ရေနံထွက်ပစ္စည်း လုပ်ငန်းများဆောင်ရွက်ရာတွင် အများပြည်သူ ဘေးကင်းလုံခြုံရေး၊ သဘာဝပတ်ဝန်းကျင် ထိခိုက်မှုမရှိစေရေးအတွက် ဥပဒေပြဋ္ဌာန်းချက်များ၊ သတ်မှတ်ထားသော စံချိန်စံညွှန်းများ၊ လုပ်ထုံးလုပ်နည်းများ၊ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ဆောင်ရွက်မှုရှိရေး ကြီးကြပ် စစ်ဆေးဆောင်ရွက်သွားမည်ဖြစ်ပါသည်။

## အခြေခံသတ်မှတ်ချက်များ

၂။ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) ဆီသယ်ယာဉ်ပေါ်တွင် မီးပွားဖြစ်စေနိုင်သော သံထည်ပစ္စည်းများ၊ သံပုံးများ၊ မီးခြစ်များ၊ အခြားပုံးခွံများ တင်ဆောင်ထားခြင်းမပြုရ။

(ခ) ဆီသယ်ယာဉ်ပေါ်နှင့်အနီးတစ်ဝိုက်တွင် ဆေးလိပ်သောက်ခြင်း **(လုံး၀)** မပြု လုပ်ရ။

(ဂ) ဆီသယ်ယာဉ်တွင် 6 Kg ဆံ့ (Dry Chemical Powder) မီးသတ်ဆေးဘူး (၃)ဘူး ပါရှိရမည်။

(ဃ) သယ်ယူခွင့်လိုင်စင်နှင့် ရေနံနှင့်ရေနံထွက်ပစ္စည်းသယ်ယူပို့ဆောင်ခြင်းကြီးကြပ် လက်မှတ်ပါရှိသော ဆီသယ်ယာဉ်များကိုသာ Fuel Terminal နှင့် Fuel Shop အတွင်း ဝင်ထွက်ခွင့်ပြုရမည်။

( င ) ဆီသယ်ယာဉ်၏ ဘက်ထရီအိုးနှင့်ဆက်သွယ်သော ဝါယာကြိုးခေါင်းများ ချောင်နေခြင်းမရှိရ။

( စ ) ဆီသယ်ယာဉ်များ၏ဝါယာလိုင်းများ ပေါက်ပြဲခြင်းမရှိရ။

(ဆ) ဆီသယ်ယာဉ်သည် အလွယ်တကူစက်နှိုးနိုင်သည့်အခြေအနေတွင် အမြဲဖြစ်နေရမည်။

( ဇ ) ဆီဖြည့်ပွိုင့်နှင့် ဆီသယ်ယာဉ်ပေါ်တွင် သံခွာပါသောဘိနပ်များမစီးရ။

( ဈ ) မီးဘေးကာကွယ်ရေးစီမံချက်ရေးဆွဲပြီး သတ်မှတ်နေရာအလိုက် မီးသတ်ဆေးဘူး၊ မီးသတ်ရေကန်၊ သံကန်များ ဖြည့်တင်းထားရှိရမည်။ အပူချိန်လျော့ချရေး အစီအမံများ တပ်ဆင်ထားရှိရမည်။

(ည) ပူပြင်းချိန်များတွင် စက်သုံးဆီဖြည့်တင်း/ချယူမှုအား အထူးသတိပြု ဆောင်ရွက်ရမည်။ အပူချိန်လျော့ချခြင်းလုပ်ငန်းစဉ်နှင့် Gas Free ဖြစ်စေရေး ဆောင်ရွက်ပြီးမှ ဆီဖြည့်တင်းရမည်။

( ဋ ) လျှပ်စီးလက်၊ မိုးကြိုးပစ်နေစဉ် စက်သုံးဆီဖြည့်တင်း/ချယူမှု မပြုလုပ်ရ။

( ဌ ) ဆီဖြည့်တင်း/ချယူရာတွင် တည်ငြိမ်လျှပ်စစ်မဖြစ်ပေါ်စေရန် ပလပ်စတစ်ပိုက်/လည်ချောင်းပိုက် လုံးဝ အသုံးမပြုရ။ Rubber Hose ပိုက်ကိုသာ အသုံးပြုရမည်။

( ဍ ) စက်သုံးဆီဖြည့်တင်းစဉ်/ချယူစဉ် ဆီသယ်ယာဉ်၏စက် ရပ်ထားရမည်။ Main Switch/သော့ ပိတ်ထားရမည်။

( ဎ ) ဆီဖြည့်တင်း/ချယူနေစဉ် ဆီသယ်ယာဉ်အနီး၌ ယာဉ်မောင်း/ယာဉ်အကူနှင့် တာဝန်ကျဝန်ထမ်းများ မီးသတ်ဆေးဘူးဖြင့် အသင့်စောင့်ကြည့်နေရမည်။

(ဏ) အရောင်းဆိုင်၏ Tank အတွင်းသို့ တိုက်ရိုက်ဆီချရမည်။ အခြား ပုံးခွက်များသို့ ဆီဖြည့်ပေးခြင်း မပြုလုပ်ရ။

(တ) ဆီချပိုက်မှဆီကိုစစ်သည့်အခါ အထူးဂရုစိုက်ဆောင်ရွက်ရမည်။

(ထ) ဆီချပြီးလျှင် Valves များကို လုံခြုံစွာပိတ်ရမည်။ ဆီချပိုက်အဖုံး(Cap)ကို သေချာစွာပိတ်ရမည်။

( ဒ ) လမ်းခရီးတွင် အကြောင်းမဲ့ရပ်နားခြင်းမပြုရ။ လူစုလူဝေးရှိသောနေရာများကို ရှောင်ကွင်းမောင်းနှင်ရမည်။

( ဓ ) လူစည်ကားရာနေရာများ၊ ကျောင်း၊ ဆေးရုံ၊ ဈေးနေရာများတွင် အရှိန်လျှော့ မောင်းနှင်ရမည်။

( န ) ဆီသယ်ယာဉ်မောင်းများသည် ယာဉ်မောင်းနေစဉ် သောက်စားမူးယစ်ခြင်း မပြုရ။

( ပ ) သတ်မှတ်ထားသောယာဉ်လမ်းကြောင်းများအတိုင်းသာ မောင်းနှင်ရမည်။

( ဖ ) တစ်နာရီ မိုင်(၃၀)နှုန်းထက်ပို၍ မမောင်းရ။

( ဗ ) မတော်တဆမှုဖြစ်ပွားပါက အန္တရာယ်အနည်းဆုံးဖြစ်စေရေး လိုအပ်သော အစီအမံများ ဆောင်ရွက်ရမည်။

(ဘ) ပီပါများဖြင့်သယ်ပို့ရန်လိုအပ်ပါက အန္တရာယ်အနည်းဆုံးဖြစ်စေရေး လိုအပ်သော အစီအမံများ ဆောင်ရွက်ရမည်။

( မ ) ပီပါများဖြင့်သယ်ပို့ရာတွင် ယာဉ်များပေါ်၌ သစ်သားကြမ်းခင်းခံ၍ သယ်ပို့ရမည်။

**ရေနံနှင့်ရေနံထွက်ပစ္စည်းသယ်ယူပို့ဆောင်ခြင်းကြီးကြပ်လက်မှတ်လျှောက်ထားခြင်း**

၃။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာနသည် ရေနံထွက်ပစ္စည်းဆိုင်ရာဖြည့်ဆည်းမှုကွင်းဆက်(Petroleum and Petroleum Products Supply Chain) တစ်ခုလုံးအား စနစ်တကျကြီးကြပ်ကွပ်ကဲသွားမည်ဖြစ်ရာ ရေနံနှင့်ရေနံထွက်ပစ္စည်းသယ်ယူပို့ဆောင်ရာတွင် ပိုမိုစနစ်တကျရှိစေရန်အတွက် လည်းကောင်း၊ ရေနံထွက်ပစ္စည်းသယ်ယူပို့ဆောင်ခြင်းလုပ်ငန်းများအား ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေနှင့်အညီ ပတ်ဝန်းကျင်ထိခိုက်မှုမရှိစေပဲ ဘေးအန္တရာယ်ကင်းရှင်းစွာဖြင့် ဆောင်ရွက်နိုင်စေရန်အတွက်လည်းကောင်း၊ စက်သုံးဆီသယ်ယူဖြန့်ဖြူးရေးဆိုင်ရာ သတင်း

စာရင်းအချက်အလက်များ ရရှိစေရန်အတွက်လည်းကောင်း၊ ယာဉ်မတော်တဆမှုနှင့် မီးလောင်မှုများအား အချိန်နှင့်တစ်ပြေးညီ စိစစ်နိုင်ရန်အတွက်လည်းကောင်း ရေနံနှင့် ရေနံထွက်ပစ္စည်းသယ်ယူပို့ဆောင်လျက်ရှိသည့် မော်တော်ယာဉ်(စက်သုံးဆီနှင့် LPG/LNG/ CNG သယ်ယူပို့ဆောင်မည့် Bowser/Tank Trailer)များအား ရေနံနှင့်ရေနံထွက်ပစ္စည်း သယ်ယူပို့ဆောင်ခြင်း ကြီးကြပ်လက်မှတ်များကို လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၏ သဘောတူခွင့်ပြုချက်ဖြင့် သတ်မှတ်ချက်များနှင့်အညီ စိစစ်ခွင့်ပြုထုတ်ပေးသွားမည်ဖြစ်ရာ လုပ်ငန်းလုပ်ကိုင်လိုသော ပုဂ္ဂလိကလုပ်ငန်းရှင်၊ ကုမ္ပဏီ၊ အဖွဲ့အစည်းများသည် ကြီးကြပ် လက်မှတ် လျှောက်ထားရယူရမည်။

၄။ ကြီးကြပ်လက်မှတ်လျှောက်ထားသူသည် ရေနံနှင့်ရေနံထွက်ပစ္စည်းသယ်ယူပို့ဆောင် ခြင်းကြီးကြပ်လက်မှတ် ခွင့်ပြုထုတ်ပေးရန် လျှောက်လွှာနှင့်အတူ အောက်ဖော်ပြပါ စာရွက် စာတမ်း အထောက်အထားများ ပြည့်စုံစွာဖြင့် ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီး ဌာနသို့ အဆိုပြု လျှောက်ထားရမည်-

(က) လျှောက်ထားသူ၏လျှောက်လွှာနှင့်အတူ ဆက်သွယ်ရန်လိပ်စာ အပြည့်အစုံ၊

(ခ) လျှောက်ထားသူ၏အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ) (သို့မဟုတ်) ကုမ္ပဏီအဖွဲ့အစည်းဖြစ်ပါက ကုမ္ပဏီအဖွဲ့အစည်း၏အမည် နှင့် ကုမ္ပဏီ မှတ်ပုံတင်လက်မှတ် (မိတ္တူ)၊

(ဂ) ပို့ဆောင်ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၏ ယာဉ်မှတ်ပုံတင်သက်သေခံ လက်မှတ်(မိတ္တူ)၊ ဆီသယ်နောက်တွဲယာဉ်(Trailer)မှတ်ပုံတင်သက်သေခံ လက်မှတ်(မိတ္တူ)

(ဃ) သတ္တုတွင်းဦးစီးဌာန၏ စက်သုံးဆီသယ်ယူခွင့်ပါမစ်(မိတ္တူ)၊

(င) ယာဉ်မောင်းနှင်သူသည် ဆီတင်ယာဉ်ကိုင်တွယ်ထိန်းသိမ်းနည်းသင်တန်း တက်ရောက်ပြီးကြောင်းသင်တန်းဆင်းလက်မှတ်(မိတ္တူ)

(စ) သယ်ယူပို့ဆောင်မည့်စက်သုံးဆီအမျိုးအစား

၅။ စာရွက်စာတမ်းအထောက်အထားပြည့်စုံပါက သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် ကြီးကြပ်စစ်ဆေးရေးအရာရှိရုံးများသည် အောက်ဖော်ပြပါအချက်များအား စိစစ်၍ QR Code

Application တွင် ပြည့်စုံမှန်ကန်စွာ ဖြည့်သွင်းပြီးနောက် ရေနံနှင့်ရေနံထွက်ပစ္စည်းသယ်ယူပို့ဆောင်ခြင်းကြီးကြပ်လက်မှတ် ခွင့်ပြုထုတ်ပေးသင့်ကြောင်း ထောက်ခံတင်ပြစာနှင့်အတူ ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာန(ရုံးချုပ်)သို့ Online မှတစ်ဆင့် တင်ပြရမည် –

(က) လျှောက်ထားသူ၏လျှောက်လွှာနှင့်အတူ ဆက်သွယ်ရန်လိပ်စာ အပြည့်အစုံ၊

( ခ ) လျှောက်ထားသူ၏အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ) (သို့မဟုတ်) ကုမ္ပဏီအဖွဲ့အစည်းဖြစ်ပါက ကုမ္ပဏီအဖွဲ့အစည်း၏အမည် နှင့် ကုမ္ပဏီမှတ်ပုံတင်လက်မှတ် (မိတ္တူ)၊

( ဂ ) ပို့ဆောင်ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၏ ယာဉ်မှတ်ပုံတင်သက်သေခံလက်မှတ်(မိတ္တူ)၊ ဆီသယ်နောက်တွဲယာဉ်(Trailer)မှတ်ပုံတင်သက်သေခံလက်မှတ်(မိတ္တူ)

(ဃ) သတ္တုတွင်းဦးစီးဌာန၏ စက်သုံးဆီသယ်ယူခွင့်ပါမစ်(မိတ္တူ)၊

( င ) ယာဉ်မောင်းနှင်သူသည် ဆီတင်ယာဉ်ကိုင်တွယ်ထိန်းသိမ်းနည်းသင်တန်းတက်ရောက်ပြီးကြောင်းသင်တန်းဆင်းလက်မှတ်(မိတ္တူ)

( စ ) လျှောက်ထားသူ၏နိုင်ငံသားစိစစ်ရေးကတ်ပြား ရှေ့၊ နောက်(ပုံ) (သို့မဟုတ်) ကုမ္ပဏီအဖွဲ့အစည်းဖြစ်ပါက ကုမ္ပဏီအဖွဲ့အစည်း၏အမည်နှင့် ကုမ္ပဏီမှတ်ပုံတင် လက်မှတ်(ပုံ)၊ ပို့ဆောင်ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၏ ယာဉ်မှတ်ပုံတင်စာအုပ်ပါယာဉ်မှတ်ပုံတင်အကြောင်းအရာ(ပုံ)၊ ယာဉ်မှတ်ပုံတင်သက်သေခံလက်မှတ်(ရှေ့ပုံ)၊ ယာဉ်မှတ်ပုံတင်သက်သေခံလက်မှတ်(နောက်ပုံ)၊ ဆီသယ်နောက်တွဲယာဉ်(Trailer) မှတ်ပုံတင်သက်သေခံလက်မှတ်(ရှေ့ပုံ)၊ ဆီသယ်နောက်တွဲယာဉ်(Trailer) မှတ်ပုံတင်သက်သေခံလက်မှတ်(နောက်ပုံ)၊ ဆီသယ်ယာဉ်ရှေ့(ဝဲပုံ)၊ ဆီသယ်ယာဉ်နောက်(ယာပုံ)၊ ဆီသယ်နောက်တွဲယာဉ်(Trailer)ရှေ့(ဝဲပုံ)၊ ဆီသယ်နောက်တွဲယာဉ်(Trailer)နောက်(ယာပုံ)၊ ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းလိုင်စင်(ပုံ)၊ သတ္တုတွင်းဦးစီးဌာန၏ စက်သုံးဆီသယ်ယူခွင့်ပါမစ်(ပုံ) တို့၏ Soft Copy(CD ဖြင့်)၊

(ဆ) ယာဉ်မောင်းသူအမည်နှင့်ယာဉ်နောက်လိုက်အမည်

( ဧ ) သယ်ယူပို့ဆောင်မည့်စက်သုံးဆီအမျိုးအစား

၆။ ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာနသည် ရေနံနှင့်ရေနံထွက်ပစ္စည်းသယ်ယူပို့ဆောင်ခြင်းကြီးကြပ်လက်မှတ် လျှောက်ထားလာမှုကို စိစစ်ပြီး ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။ အကယ်၍ လျှောက်ထားမှုကို ငြင်းပယ်ခဲ့လျှင် မည်သည့်အကြောင်းကြောင့် ငြင်းပယ်ကြောင်း လျှောက်ထားသူထံ အကြောင်းကြားမည်။

၇။ ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာန(ရုံးချုပ်)သည် လျှောက်ထားချက်အပေါ် စစ်ဆေးစိစစ်ပြီး သတ်မှတ်ချက်များနှင့်ကိုက်ညီကြောင်းတွေ့ရှိရပါက ကျသင့်သောရေနံနှင့်ရေနံထွက်ပစ္စည်းသယ်ယူပို့ဆောင်ခြင်းကြီးကြပ်လက်မှတ်နှုန်းထားများ ပေးသွင်းနိုင်ရန် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် ကြီးကြပ်စစ်ဆေးရေးအရာရှိရုံးများသို့ အကြောင်းကြားမည်။ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် ကြီးကြပ်စစ်ဆေးရေး အရာရှိရုံးများမှ ငွေသွင်းလက်ခံပြီးစီးကြောင်းတင်ပြစာနှင့်အတူ ဘဏ်ငွေသွင်းချလံ(မိတ္တူ)ကို ရုံးချုပ်သို့ ပြန်လည်တင်ပြလာပါက လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ အမှုဆောင်ကော်မတီအစည်းအဝေးသို့ တင်ပြခွင့်ပြုချက်ရယူပြီး သက်တမ်း (၁)နှစ်ရှိ ရေနံနှင့်ရေနံထွက်ပစ္စည်းသယ်ယူပို့ဆောင်ခြင်းကြီးကြပ်လက်မှတ်အား ထုတ်ပေးမည်။

၈။ ရေနံနှင့်ရေနံထွက်ပစ္စည်းသယ်ယူပို့ဆောင်ခြင်းကြီးကြပ်လက်မှတ်၏ သက်တမ်းမှာ ခွင့်ပြုသည့်နေ့မှစ၍ (၁)နှစ် တိတိဖြစ်သည်။

**ရေနံနှင့်ရေနံထွက်ပစ္စည်းသယ်ယူပို့ဆောင်ခြင်းကြီးကြပ်လက်မှတ်သက်တမ်းတိုးခြင်း**

၉။ ရေနံနှင့်ရေနံထွက်ပစ္စည်းသယ်ယူပို့ဆောင်ခြင်းကြီးကြပ်လက်မှတ် ရရှိသူသည် ကြီးကြပ်လက်မှတ် ခွင့်ပြုထုတ်ပေးသည့်ရက်မှစတင်၍ သက်တမ်းမကုန်ဆုံးမီ ၂ လ အတွင်း သက်တမ်းတိုးမြှင့်ခွင့်ပြုရန်လျှောက်လွှာနှင့်အတူ အောက်ဖော်ပြပါ စာရွက်စာတမ်း အထောက်အထားများ ပြည့်စုံစွာဖြင့် ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာနသို့ လျှောက်ထားရမည်-

(က) လျှောက်ထားသူ၏ ကိုယ်တိုင်ရေးလျှောက်လွှာ မူရင်း၊

( ခ ) လျှောက်ထားသူ၏အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား (မိတ္တူ) (သို့မဟုတ်) ကုမ္ပဏီအဖွဲ့အစည်းဖြစ်ပါက ကုမ္ပဏီအဖွဲ့အစည်း၏အမည် နှင့် ကုမ္ပဏီ မှတ်ပုံတင်လက်မှတ် (မိတ္တူ)၊

( ဂ ) ရေနံနှင့်ရေနံထွက်ပစ္စည်းသယ်ယူပို့ဆောင်ခြင်းကြီးကြပ်လက်မှတ်(မိတ္တူ)

(ဃ) ပို့ဆောင်ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၏ ယာဉ်မှတ်ပုံတင်သက်သေခံလက်မှတ်(မိတ္တူ)၊ ဆီသယ်နောက်တွဲယာဉ်(Trailer)မှတ်ပုံတင်သက်သေခံလက်မှတ်(မိတ္တူ)

(င) သတ္တုတွင်းဦးစီးဌာန၏ စက်သုံးဆီသယ်ယူခွင့်ပါမစ်(မိတ္တူ)၊

၁၀။ စာရွက်စာတမ်းအထောက်အထားပြည့်စုံပါက သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ကြီးကြပ်စစ်ဆေးရေးအရာရှိရုံးသည် အောက်ဖော်ပြပါအချက်များအား စိစစ်၍ QR Code Application တွင် ပြည့်စုံမှန်ကန်စွာ ဖြည့်သွင်းပြီးနောက် ရေနံနှင့်ရေနံထွက်ပစ္စည်းသယ်ယူပို့ဆောင်ခြင်းကြီးကြပ်လက်မှတ် သက်တမ်းတိုးမြှင့် ခွင့်ပြုထုတ်ပေးသင့်ကြောင်း ထောက်ခံတင်ပြစာနှင့်အတူ ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာန(ရုံးချုပ်)သို့ Online မှတစ်ဆင့် တင်ပြရမည် –

(က) လျှောက်ထားသူ၏လျှောက်လွှာနှင့်အတူ ဆက်သွယ်ရန်လိပ်စာ အပြည့်အစုံ၊

( ခ ) လျှောက်ထားသူ၏အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ) (သို့မဟုတ်) ကုမ္ပဏီအဖွဲ့အစည်းဖြစ်ပါက ကုမ္ပဏီအဖွဲ့အစည်း၏အမည် နှင့် ကုမ္ပဏီ မှတ်ပုံတင်လက်မှတ် (မိတ္တူ)၊

( ဂ ) ရေနံနှင့်ရေနံထွက်ပစ္စည်းသယ်ယူပို့ဆောင်ခြင်းကြီးကြပ်လက်မှတ်(မိတ္တူ)

(ဃ) ပို့ဆောင်ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၏ ယာဉ်မှတ်ပုံတင်သက်သေခံလက်မှတ်(မိတ္တူ)၊ ဆီသယ်နောက်တွဲယာဉ်(Trailer)မှတ်ပုံတင်သက်သေခံလက်မှတ်(မိတ္တူ)

( င ) သတ္တုတွင်းဦးစီးဌာန၏ စက်သုံးဆီသယ်ယူခွင့်ပါမစ်(မိတ္တူ)၊

(စ) ယာဉ်မောင်းနှင်သူသည် ဆီတင်ယာဉ်ကိုင်တွယ်ထိန်းသိမ်းနည်းသင်တန်း တက်ရောက်ပြီးကြောင်းသင်တန်းဆင်းလက်မှတ်(မိတ္တူ)

(ဆ) လျှောက်ထားသူ၏နိုင်ငံသားစိစစ်ရေးကတ်ပြား ရှေ့၊ နောက်(ပုံ) (သို့မဟုတ်) ကုမ္ပဏီအဖွဲ့အစည်းဖြစ်ပါက ကုမ္ပဏီအဖွဲ့အစည်း၏အမည်နှင့် ကုမ္ပဏီ မှတ်ပုံတင် လက်မှတ်(ပုံ)၊ ပို့ဆောင်ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၏ ယာဉ်မှတ်ပုံတင်စာအုပ်ပါယာဉ်မှတ်ပုံတင်အကြောင်းအရာ(ပုံ)၊ ယာဉ်မှတ်ပုံတင် သက်သေခံလက်မှတ်(ရှေ့ပုံ)၊ ယာဉ်မှတ်ပုံတင်သက်သေခံလက်မှတ်(နောက်ပုံ)၊ ဆီသယ်နောက်တွဲယာဉ်(Trailer) မှတ်ပုံတင်သက်သေခံလက်မှတ်(ရှေ့ပုံ)၊ ဆီသယ်နောက်တွဲယာဉ်(Trailer) မှတ်ပုံတင်သက်သေခံလက်မှတ်(နောက်ပုံ)၊ ဆီသယ်ယာဉ်ရှေ့(ဝဲပုံ)၊ ဆီသယ်ယာဉ်နောက်(ယာပုံ)၊ ဆီသယ်နောက်တွဲ ယာဉ်(Trailer)ရှေ့(ဝဲပုံ)၊ ဆီသယ်နောက်တွဲယာဉ်(Trailer)နောက်(ယာပုံ)၊ ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းလိုင်စင်(ပုံ)၊ သတ္တုတွင်းဦးစီးဌာန၏ စက်သုံးဆီသယ်ယူခွင့်ပါမစ်(ပုံ) တို့၏ Soft Copy(CD ဖြင့်)၊

(ဇ) ယာဉ်မောင်းသူအမည်နှင့်ယာဉ်နောက်လိုက်အမည်

၁၁။ ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာနသည် ရေနံနှင့်ရေနံထွက်ပစ္စည်း သယ်ယူပို့ဆောင်ခြင်းကြီးကြပ်လက်မှတ်သက်တမ်းတိုးမြှင့်ခွင့်ပြုရန် ထောက်ခံတင်ပြလာ မှုအားစိစစ်၍ သတ်မှတ်ချက်များနှင့်ကိုက်ညီကြောင်းတွေ့ရှိရပါက ကျသင့်သော ရေနံနှင့်ရေနံထွက်ပစ္စည်းသယ်ယူပို့ဆောင်ခြင်းကြီးကြပ်လက်မှတ် သက်တမ်းတိုးနှုန်းထား ပေးသွင်းနိုင်ရန် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် ကြီးကြပ်စစ်ဆေးရေးအရာရှိ ရုံးများသို့ အကြောင်းကြားမည်။ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် ကြီးကြပ် စစ်ဆေးရေးအရာရှိရုံးများမှ ငွေသွင်းလက်ခံပြီးစီးကြောင်းတင်ပြစာနှင့်အတူ ဘဏ်ငွေသွင်း ချလံ(မိတ္တူ)ကို ရုံးချုပ်သို့ ပြန်လည်တင်ပြလာပါက လိုင်စင်သက်တမ်း တစ်နှစ် တိုးမြှင့် ပေးမည်။

**ရေနံနှင့်ရေနံထွက်ပစ္စည်းသယ်ယူပို့ဆောင်ခြင်းကြီးကြပ်လက်မှတ် ပျက်စီး၊ ပျောက်ဆုံး၍ အသစ်ပြန်လည်လျှောက်ထားခြင်း**

၁၂။ ကြီးကြပ်လက်မှတ် ပျက်စီး၊ ပျောက်ဆုံး၍ အသစ်ထပ်မံထုတ်ယူလိုပါက လျှောက်လွှာနှင့်အတူ အောက်ဖော်ပြပါ စာရွက်စာတမ်းအထောက်အထားများ ပြည့်စုံစွာဖြင့် ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာနသို့ လျှောက်ထားရမည်–

(က) ပိုင်ရှင်၏ ကိုယ်တိုင်ရေးလျှောက်လွှာ(မူရင်း)၊

(ခ) ပိုင်ရှင်၏နိုင်ငံသားစိစစ်ရေးကတ်ပြား (မူရင်းနှင့်မိတ္တူ)၊ ကုမ္ပဏီဖြစ်ပါက ကုမ္ပဏီ၏မှတ်ပုံတင် (မူရင်းနှင့်မိတ္တူ)၊

(ဂ) ပျက်စီး၊ ပျောက်ဆုံးကြောင်း ပိုင်ရှင်၏ ခံဝန်ကတိ (မူရင်း)၊

(ဃ) သက်ဆိုင်ရာနယ်မြေရဲစခန်း ထောက်ခံစာ (မူရင်း)၊

(င) သက်တမ်း ရှိ/တိုးပြီး ရေနံနှင့်ရေနံထွက်ပစ္စည်းသယ်ယူပို့ဆောင်ခြင်းကြီးကြပ်လက်မှတ် (မိတ္တူ)၊

၁၃။ ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးဦးစီးဌာနသည် ပျက်စီး၊ ပျောက်ဆုံး၍ ကြီးကြပ်လက်မှတ်အသစ်လျှောက်ထားလာမှုအားစိစစ်၍ သတ်မှတ်ချက်နှင့်ကိုက်ညီမှုရှိပါက သတ်မှတ်ဒဏ်ကြေးနှုန်းထားများကောက်ခံရယူပြီး ကြီးကြပ်လက်မှတ်အသစ် ထုတ်ပေးမည်။

**ရေနံနှင့်ရေနံထွက်ပစ္စည်းသယ်ယူပို့ဆောင်ခြင်းကြီးကြပ်လက်မှတ်ရရှိထားသူများလိုက်နာရမည့်စည်းကမ်းချက်များ**

၁၄။ အောက်ပါအတိုင်းဖြစ်ပါသည် –

(က) ဤလက်မှတ်ရရှိသည့်ပုဂ္ဂလိကလုပ်ငန်းရှင်၊ ကုမ္ပဏီ၊ အဖွဲ့အစည်းမှအပ အခြား တစ်ဦးဦးသို့ လွှဲပြောင်းခြင်းမပြုရ။

(ခ) ဤလက်မှတ်သည် ပိုင်ဆိုင်မှုနှင့်သက်ဆိုင်ခြင်းမရှိစေရ။

(ဂ) ဤလက်မှတ်ရရှိသူသည် နိုင်ငံတော်မှပြဌာန်းထုတ်ပြန်ထားသည့် တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ အမိန့်နှင့် ညွှန်ကြားချက်များကိုတိကျစွာလိုက်နာရမည်။

(ဃ) လုံခြုံရေးနှင့် မီးဘေးအန္တရာယ်ကင်းရှင်းရေးအတွက် လိုအပ်သည့်အစီအမံများပြည့်စုံစွာစီမံဆောင်ရွက်ရမည်။

(င) ဤလက်မှတ်ပါရှိမှသာ ရေနံနှင့်ရေနံထွက်ပစ္စည်းသယ်ယူပို့ဆောင်ခွင့်ပြုမည်။

(စ) ရေနံနှင့်ရေနံထွက်ပစ္စည်းသယ်ယူပို့ဆောင်ရာတွင် ပတ်ဝန်းကျင် လေထု၊ မြေထု၊ ရေထု ညစ်ညမ်းမှုမဖြစ်ပေါ်စေရန်အတွက် အထူးဂရုပြုဆောင်ရွက်ရမည်။

(ဆ) ဤလက်မှတ်သက်တမ်းတိုးမြှင့်ခြင်းအား သက်တမ်းကုန်ဆုံးရက်မတိုင်မီ နီးစပ်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ကြီးကြပ်စစ်ဆေးရေးအရာရှိရုံးတွင် အပြီး တင်ပြဆောင်ရွက်ရမည်။

(ဇ) ဤလက်မှတ်ထုတ်ယူခြင်း၊ သက်တမ်းတိုးခြင်းများအတွက် သတ်မှတ်ကျသင့်နှုန်းထားများပေးဆောင်ရမည်ဖြစ်ပြီး ပျက်စီး/ပျောက်ဆုံးမှုများအတွက် လက်မှတ်အသစ်လျှောက်ထားထုတ်ယူခြင်းအား သတ်မှတ်ဒဏ်ကြေးများ ပေးဆောင်ရမည်။

(ဈ) လမ်း/တံတားဖြတ်သန်းအသုံးပြုရာတွင် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ထုတ်ပြန် ထားသော လမ်း/တံတားဆိုင်ရာ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ လိုက်နာ ဆောင်ရွက်ရမည်။

(ည) သက်ဆိုင်ရာ မြို့နယ်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း လူစည်ကားရာနေရာ၊ ဆေးရုံ၊ ဈေး၊ ကျောင်း၊ ရုပ်ရှင် စသည့်နေရာနှင့် အနီးတဝိုက်၊ မီးပွိုင့်နှင့် လမ်းဆုံလမ်းခွများတွင် ယာဉ်ရပ်နားခြင်းမပြုရ။

(ဋ) ရေနံနှင့်ရေနံထွက်ပစ္စည်းသယ်ယူသည့်ယာဉ်ဖြင့် မူးယစ်ဆေးဝါး၊ သစ်၊ ကျောက်မျက်ရတနာနှင့် ဥပဒေနှင့်မညီသော အလားတူကုန်ပစ္စည်းများ လုံးဝ သယ်ဆောင်ခြင်း မပြုရ။

(ဌ) အထက်ဖော်ပြပါ လိုက်နာရမည့်စည်းကမ်းချက်များကို လိုက်နာရန် ပျက်ကွက်ပါက ဤလက်မှတ်အား သိမ်းဆည်းခြင်းခံရမည့်အပြင် လိုအပ်ပါ က တရား ဥပဒေအရ အရေးယူခြင်းခံရမည်။

## Check List

၁၅။ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) **ရေနံနှင့်ရေနံထွက်ပစ္စည်းသယ်ယူပို့ဆောင်ခြင်းကြီးကြပ်လက်မှတ် လျှောက်ထားခြင်း/စိစစ်ခွင့်ပြုထုတ်ပေးခြင်း(Check List)**

**ပိုင်ရှင်/ကုမ္ပဏီအမည်၊ ------------------**　　**လျှောက်ထားရက်စွဲ၊ -----------**

| စဉ် | စိစစ်မည့်အကြောင်းအရာ | ကိုက်ညီမှု ရှိ/မရှိ | | မှတ်ချက် |
|---|---|---|---|---|
| ၁။ | ယာဉ်ပိုင်ရှင်၏ကိုယ်တိုင်ရေးလျှောက်လွှာ(မူရင်း) | | | |
| ၂။ | ယာဉ်ပိုင်ရှင်၏နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)/ ကုမ္ပဏီဖြစ်ပါက ကုမ္ပဏီမှတ်ပုံတင်(မိတ္တူ) | | | |
| ၃။ | ပို့ဆောင်ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၏ ယာဉ်မှတ်ပုံတင်သက်သေခံလက်မှတ်(မိတ္တူ) | | | |
| ၄။ | သတ္တုတွင်းဦးစီးဌာန၏စက်သုံးဆီသယ်ယူခွင့်ပါမစ် (မိတ္တူ) | | | |
| ၅။ | ယာဉ်မောင်းနှင်သူသည် ဆီတင်ယာဉ်ကိုင်တွယ် ထိန်းသိမ်းနည်းသင်တန်း တက်ရောက်ပြီးကြောင်း သင်တန်းဆင်းလက်မှတ်(မိတ္တူ) | | | |
| ၆။ | ခွင့်ပြုထားသည့်ရေနံထွက်ပစ္စည်းကိုသာ သယ်ယူ ပို့ဆောင်ရမည်။ | | | |

## (ခ) ရေနံနှင့်ရေနံထွက်ပစ္စည်းသယ်ယူပို့ဆောင်ခြင်းကြီးကြပ်လက်မှတ် သက်တမ်းတိုးခြင်း(Check List)

**ပိုင်ရှင်/ကုမ္ပဏီအမည်၊ -------------------** **လျှောက်ထားရက်စွဲ၊ -----------**

| စဉ် | စိစစ်မည့်အကြောင်းအရာ | ကိုက်ညီမှု ရှိ/မရှိ | | မှတ်ချက် |
|---|---|---|---|---|
| ၁။ | ယာဉ်ပိုင်ရှင်၏ကိုယ်တိုင်ရေးလျှောက်လွှာ(မူရင်း) | | | |
| ၂။ | ယာဉ်ပိုင်ရှင်၏နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)/ကုမ္ပဏီဖြစ်ပါက ကုမ္ပဏီမှတ်ပုံတင်(မိတ္တူ) | | | |
| ၃။ | ရေနံနှင့်ရေနံထွက်ပစ္စည်းသယ်ယူပို့ဆောင်ခြင်းကြီးကြပ်လက်မှတ်(မိတ္တူ) | | | |
| ၄။ | ပို့ဆောင်ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၏ ယာဉ်မှတ်ပုံတင်သက်သေခံလက်မှတ်(မိတ္တူ) | | | |
| ၅။ | သတ္တုတွင်းဦးစီးဌာန၏စက်သုံးဆီသယ်ယူခွင့်ပါမစ် (မိတ္တူ) | | | |
| ၆။ | ခွင့်ပြုထားသည့်ရေနံထွက်ပစ္စည်းကိုသာ သယ်ယူ ပို့ဆောင်ရမည်။ | | | |

## (ဂ) ရေနံနှင့်ရေနံထွက်ပစ္စည်းသယ်ယူပို့ဆောင်ခြင်းကြီးကြပ်လက်မှတ် ပျက်ဆီး၊ ပျောက်ဆုံး၍ အသစ်လျှောက်ထားခြင်း(Check List)

**ပိုင်ရှင်/ကုမ္ပဏီအမည်၊ -------------------** **လျှောက်ထားရက်စွဲ၊ -----------**

| စဉ် | စိစစ်မည့်အကြောင်းအရာ | ကိုက်ညီမှု ရှိ/မရှိ | | မှတ်ချက် |
|---|---|---|---|---|
| ၁။ | ယာဉ်ပိုင်ရှင်၏ကိုယ်တိုင်ရေးလျှောက်လွှာ(မူရင်း) | | | |
| ၂။ | ယာဉ်ပိုင်ရှင်၏နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)/ကုမ္ပဏီဖြစ်ပါက ကုမ္ပဏီမှတ်ပုံတင်(မိတ္တူ) | | | |
| ၃။ | ပျက်ဆီး/ပျောက်ဆုံးကြောင်း ယာဉ်ပိုင်ရှင်၏ခံဝန်ကတိ(မူရင်း) | | | |
| ၄။ | သက်ဆိုင်ရာနယ်မြေရဲစခန်း၏ ထောက်ခံစာ(မူရင်း) | | | |
| ၅။ | ရေနံနှင့်ရေနံထွက်ပစ္စည်းသယ်ယူပို့ဆောင်ခြင်းကြီးကြပ်လက်မှတ်(မိတ္တူ) | | | |

Petroleum Products Regulatory Department PPRD

## ၁၆။ ရေနံနှင့်ရေနံထွက်ပစ္စည်းသယ်ယူပို့ဆောင်ခြင်းကြီးကြပ်လက်မှတ်နှုန်းထားများ

(က) ရေနံနှင့်ရေနံထွက်ပစ္စည်းသယ်ယူပို့ဆောင်ခြင်းကြီးကြပ်လက်မှတ် xx,xxx ကျပ်

(ခ) ရေနံနှင့်ရေနံထွက်ပစ္စည်းသယ်ယူပို့ဆောင်ခြင်းကြီးကြပ်လက်မှတ် သက်တမ်းတိုးမြှင့်ခြင်း xx,xxx ကျပ်

(ဂ) ရေနံနှင့်ရေနံထွက်ပစ္စည်းသယ်ယူပို့ဆောင်ခြင်းကြီးကြပ်လက်မှတ် ပျက်ဆီး/ပျောက်ဆုံး၍ အသစ်ပြန်လည်ထုတ်ပေးခြင်း xxx,xxx ကျပ်

Petroleum Products Regulatory Department
PPRD

**ရေနံနှင့်ရေနံထွက်ပစ္စည်းသယ်ယူပို့ဆောင်ခြင်းကြီးကြပ်လက်မှတ်**
**အဆိုပြုလျှောက်လွှာပုံစံ**

၁၇။ အောက်ပါအတိုင်းဖြစ်ပါသည် -

Petroleum Products Regulatory Department
PPRD

## လျှောက်လွှာပုံစံ

သို့

ညွှန်ကြားရေးမှူးချုပ်
ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာန
လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
နေပြည်တော်

အကြောင်းအရာ။ **ရေနံနှင့်ရေနံထွက်ပစ္စည်းသယ်ယူပို့ဆောင်ခြင်း ကြီးကြပ်လက်မှတ်လျှောက်ထားခြင်း**

၁။ လုပ်ငန်းရှင်/ကုမ္ပဏီ/အဖွဲ့အစည်းအမည် ____________________

၂။ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်/ ____________________

ကုမ္ပဏီမှတ်ပုံတင်အမှတ် ____________________

၃။ တည်နေရာ/နေရပ်လိပ်စာ ____________________

၄။ ယာဉ်အမှတ် ____________________

၅။ ယာဉ်အမျိုးအစား ____________________

၆။ ဝင်ဆံ့ပမာဏ ____________________

၇။ သယ်ယူပို့ဆောင်လိုသည့် ____________________

ရေနံနှင့်ရေနံထွက်ပစ္စည်းအမျိုးအစား ____________________

**ပူးတွဲ**

- နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ) သို့မဟုတ် ကုမ္ပဏီမှတ်ပုံတင်(မိတ္တူ)
- ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ ယာဉ်မှတ်ပုံတင်သက်သေခံလက်မှတ်(မိတ္တူ)
- သတ္တုတွင်းဦးစီးဌာန၏ စက်သုံးဆီသယ်ယူခွင့်(မိတ္တူ)

လျှောက်ထားသူ

လက်မှတ် ၊ ____________________

အမည် ၊ ____________________

## နိဂုံး

၁၈။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာနသည် ရေနံနှင့်ရေနံထွက်ပစ္စည်းလုပ်ငန်းဆောင်ရွက်မှုများ စနစ်တကျ ဘေးကင်းလုံခြုံမှုရှိစေရေး၊ ထုတ်ပြန်ထားသည့်ဥပဒေ၊ နည်းဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ရေးတို့အတွက် စစ်ဆေးကြပ်မတ်ခြင်းများ ဆောင်ရွက်သွားရမည် ဖြစ်ပါသည်။ ထိုသို့ လုပ်ငန်းလိုင်စင်များ၊ ခွင့်ပြုမိန့်နှင့် အသိအမှတ်ပြုလက်မှတ်များထုတ်ပေးခြင်း၊ ကြီးကြပ်စစ်ဆေးခြင်းများဆောင်ရွက်ရာတွင် ပြောင်းလဲတိုးတက်လာသည့် အခြေအနေများနှင့် လိုက်လျောညီထွေရှိမည့် ပြင်ဆင်ပြောင်းလဲမှုများ ဆောင်ရွက်သွားရမည်ဖြစ်ရာ ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာနအနေဖြင့် ရေနံထွက်ပစ္စည်းဆိုင်ရာ၊ လုပ်ငန်းဆိုင်ရာ နည်းပညာနယ်ပယ်နှင့်ပတ်သက်၍ စဉ်ဆက်မပြတ် လေ့လာဆည်းပူး ဖြည့်ဆည်းကြိုးပမ်းအားထုတ်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း တိုက်တွန်းအပ်ပါသည်။

Petroleum Products Regulatory Department PPRD